The Flower News

**The Flower News, 30 March 2005**



# အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယူနီဆက်လူငယ်ဖိုရမ်သို့ နိုင်ငံ(၁၅)နိုင်ငံမှ လူငယ်သတင်းထောက် (၁၄)ဦးနှင့်အတူ မြန်မာလူငယ်သတင်းထောက် ကျော်ဆုမွန်တက်ရောက်လျက်ရှိ

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) ဆီရန်ယီမှ တိုက်ရိုက်ပေးပို့သည်။

**ဆီရန်ယီ၊ မတ်-၂၀**

အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများမှ လူငယ်သတင်းစာဆရာများပါဝင်သော ကလေးသူငယ်နှင့် လူငယ်ဆိုင်ရာယူနီဆက်ဖိုရမ်တစ်ခုကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရန်ယီမြို့ရှိ စီးတီးအန်ကာဟိုတယ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံမှ လူငယ်သတင်းထောက် မဆုမွန်(မကျော်ဆုမွန်)တက်ရောက်လျက် ရှိသည်။

အရှေ့အာရှနှင့် ပစိဖိတ်နိုင်ငံများ၏ (၇)ကြိမ်မြောက်ကလေးသူငယ်ဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်ကျင်းပသော အဆိုပါဖိုရမ်သို့ ယင်းနိုင်ငံပေါင်း၁၉နိုင်ငံမှ လူငယ်ကိုယ်စားလှယ်၄၀ ဦးတက်ရောက်ကာ ကလေးသူငယ်နှင့် လူငယ်ဆိုင်ရာအရေးတယူ ပြုလုပ်သင့်သည့်ကိစ္စများကို ဆွေးနွေးနေကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်နေသည့် မကျော်ဆုမွန်သည် တခြားနိုင်ငံများမှ လူငယ်သတင်းထောက်၁၄ဦးနှင့်အတူ တက်ရောက်လျက်ရှိနေခြင်းဖြစ်ပြီး အဆိုပါဖိုရမ်သို့တက်ရောက်ရန် ယူနီဆက်(မြန်မာ)က ရွေးချယ်စေလွှတ်ခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ပါပူဝါနယူးဂီနီ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနများမှ လူငယ်သတင်းစာဆရာများ တက်ရောက်ကြသည်။

အသက်(၂၁)နှစ်သာရှိသေးသော မကျော်ဆုမွန်သည် ဖလားဝါးနယူးစ်ဂျာနယ်၏ အကြီးတန်းသတင်းထောက်ဖြစ်ပြီး ယင်းမတိုင်ခင်က ပြည်မြန်မာဂျာနယ်နှင့် မြန်မာနယူးစ်ဝိခ်တို့တွင် သတင်းထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

'နိုင်ငံတကာက ကလေးတွေနဲ့ လူငယ်တွေကို ဒီဖိုရမ်မှာတွေ့ရတယ်။ အလွန်တက်ကြွကြတာ အံ့အားသင့်လောက်ပါယ်။ တရုတ်နိုင်ငံက လွှတ်လိုက်တဲ့ လူငယ်ကိုယ်စားလှယ်ကလေးမဆိုရင် အသက်အငယ်ဆုံး ၁၁နှစ်သာရှိပါသေးတယ်။ ဒါပေမယ့် သူ့ထက်ကြီးတဲ့သူတွေနဲ့အပြိုင်ပါဝင်ဆွေးနွေးနိုင်တာကို တွေ့ရတယ်။ အားလုံးကကိုယ့် ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိကြတယ်။ မကြောက်ကြဘူးရှင့်"ဟု မကျော်ဆုမွန်က ပြောသည်။

(၂)နှစ်တစ်ကြိမ် ကျင်းပသော အဆိုပါဖိုရမ်သို့ ယခုကဲ့သို့ မြန်မာပြည်မှ လူငယ်သတင်းထောက် စေလွှတ်ခဲ့ခြင်းမှာ ပထမဆုံးဖြစ်သည်။ တခြားနိုင်ငံများက လူငယ် ကိုယ်စားလှယ်နှင့် လူငယ်သတင်းထောက် ၂မျိုးစလုံးစေလွှတ်ခဲ့သော်လည်း မြန်မာပြည်မှ ယခု ပထမဆုံးအကြိမ်တွင် လူငယ်ကိုယ်စားလှယ် စေလွှတ်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။

" ဖြစ်နိုင်ရင်တော့ ဒီလိုပွဲမျိုးကို မြန်မာလူငယ်ကိုယ်စားလှယ်တွေ များများ စေလွှတ်နိုင်ရင် သိပ်အကျိုးရှိပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကို လူငယ်တွေဝင်ဆန့်လာမယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ တိုးတက်လာစေပါမယ်"ဟု မဆုမွန်က တက်ရောက်လျက်ရှိသည့် သူ့အတွေ့အကြုံကို ပြောပြသည်။

လူငယ်သတင်းထောက် ကျော်ဆုမွန်သည် မတ်လ၂၃ရက်နေ့တွင် စတင်ကျင်းပမည့် ဝန်ကြီးအဆင့် အစည်းအဝေးကြီးကိုပါ တက်ရောက်သတင်းရယူမည်ဖြစ်သည်။